# စကားရည်လု

# တရားစစ်ထိုးခဏ်း

လေးဒိပ်ဂုဆရာတော်

ရန်ကုန်မြို့။

သာသနာပြု စာအုပ်တိုက မဟာသဘင်ပဥ္စာနန်

ကျောင်းတိုက်

လေးအိမ်ဆိုင် - ဆရာတော်ဦး[illegible]

ရေးသားအပ်သော

ဝါဒတစ်ဆို

# စကားရည်လုပ္ပာကျူးစစ်ထိုးကျမ်း

≈ တစ်စောင် ≈

စာကြည့်တိုက်
ကျောင်း ... ရန်ကုန်

ဘုရားရှိခိုး

မကင်း-မညွန့် စာပုံနှိပ်တိုက် ပုသိမ်မြို့

၁၃၂၀-ခုနှစ် ဒုတိယနှိပ်ခြင်း အဘိုး ၁၀ ပြား။

# အမှာ။

## မိန်းခလေးများ
## ဝါဒဘင်ဆို စကားရေလု
## တရားစစ်ထိုးခဲ့အား-ဓါဒဓါင်ကို

ပြောဆိုရာ၌ ဗျာ, ဗျ, ဆရာကလေး ကျွန်တော်အစား
ရှင်, ရှင့်, ကျွန်မ, ဆရာမကလေး စသည်ဖြင့်
ဖြည့်သွင်း ပြောဆိုနိုင်ပါသည်။

ဝ) ဂတုဘုမ္မိက
တ) တေးဘုမ္မိက } မှတ်ရန်။

ဒုတိယနှိပ်ခြင်း။ စာအုပ်ရေ ...(၁၀၀၀)

တရားစစ်ဆိုးခက်း စာစောင်။

# နိဒါန်း ၊

ရန်ကုန်မြို့။ ၅၃-လမ်း၊ သာသနာပြု စတုဘုမ္မိက မဟာသတိပဋ္ဌာန် ကျောင်းတိုက်နေ လေးဖါမ်ဓုဘုန်းကြီး (ဦးရေဝတ )ခေါ်။ (တောင်တွင်းကြီးဆရာတော် )သည်နှောင်လာနောက်သား တက်လူအများတို့အား အသိဉာဏ်ကို မြေတောင်မြောက်သည့် အသား ဉာဏ်မှီ သလောက် ရေးသားဘို့ရန် တိုက်တွန်းသဖြင့် (ဝါဒဘာင်ဆိုစကား ရေလုဘာရားစစ်ဆိုးခက်းစာစောင်) တခုမှတ်တမ်းပြု၍ ဘုန်းကြီး (ဦးရေဝတ) သည် ရေးသား စီရင်ခဲ့လေသတည်း၊

☆ ဝါဒ တင် ဆို ☆

# စကားရေလု – တရားစစ်ထိုးခေါင်း စာစောင်။

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

စ) ကိုင်း, ဆရာတို့အကျင့်တရားစကား ပြောကြစို့ – ဗျာ ကျင့်ကြံတို့ ဓမ္မဝင်တည်း ဟူသော၊ ပဋိပတ် နည်း နိဿရည်းဆိုဟာ၊ ယထာဘူတ ဟုတ်တိုင်း မှန်စွာ၊ တပုဒ် တဂါထာမျှ၊ ကျင့်ဆောင်တတ်အောင် ကြားနာရလျှင်ဘဲ၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုး စီး ပွား ကုသိုလ်ထူးများ ဖြစ်နိုင်ပါတယ် – ဗျာ။

တ) အဘယ့်ကြောင့် ဖြစ်နိုင်ပါသလဲဗျာ။

စ) ဥပသန္တေန ကာတဗ္ဗံ၊ အစ္စန္တံ ဒုလ္လဘံ ခဏံ။
ဓမ္မသုတာဒိကံ ပုညံ၊ သဗ္ဗသမ္ပတ္တိ ဟေတုကံ
လို့ ကျမ်းဂန်ကို ထောက်၍ သိရမယ်။

တ) ၎င်းကျမ်းဂန်၏အနက်သွား လင်းစမ်းပါဦးဗျာ။

စ) အစ္စန္တံ ဒုလ္လဘံ၊ ဝင်စစ်လူ့၏အဖြစ်ကို ရခဲသော ခဏံ၊

ခဏကို၊ ဝါ အခါကို၊ ဥပလဒ္ဓေန၊ ကောင်းစွာရအပ်သော သူသည်၊ သဗ္ဗသမ္ပတ္တိ ဟောတုကံ၊ သမ္ပတ္တိ ခပ်သိမ်း ကို ပြီးငြိမ်း စေတတ်သော၊ ဓမ္မဿုတာဒိကံ၊ တရားနာခြင်း စသော၊ ပုညံ၊ ပါရမီတူး ကောင်းမှုဦးကို၊ ကာ တဗ္ဗံ၊ ပြုကျင့်အပ်၏ ဝါ— အမြဲမပြတ်ပြုကျင့်အပ်၏ လို့ကျမ်းဂန် ကလာသကို—ဗျ။

ထို့ကြောင့် ကုသိုလ်မျိုး တကာတို့တွင် တရားနာခြင်း စသော၊ ပါရမီတူး ကောင်းမှုဦးကို ပြုကျင့်ရခြင်းသည် အမြတ်ဆုံးဗျ။

သို့ဖြစ်၍အားထုတ်ဘို့နည်းနိသျည်းကိုဆရာတို့ရှင်လဲ ဟောကြပါ၊ ကျွန်တော် နာဘာမယ်၊ သို့မဟုတ် ဆရာတို့ ရှင်လဲနာကြပါ၊ ကျွန်တော်ဟောဘာမယ်ဗျာ။

က) (အလို) မထိုင်ခင်က ခြေဆင်းဆိုသလို၊ဆရာကလေး ရဲ့ စကားသွားကျမ်းစကားနှင့် ဆန့်ကျင်နေပကောဗျာ၊

ခ) ဆန့်ကျင်ပုံ အမိန့်ရှိစမ်းပါအုံးဗျား

အတိက္ကမေတု ကာမောစ၊ သံသာရံ ဒုရတိက္ကမံ
ဒါနံသီလဉ္စ ဘာဝနံ၊ ပရိပူရေထ ပဏ္ဍိတော။

လို့ ကျမ်းဂန်ကို ထောက်၍သိရမယ်ဗျ။

ဂ) ၎င်းကျမ်းဂန်၏၊ အနက်သွား လင်းကျင်းစမ်းပါအုံးဗျာ

က) ဒုရတိက္ကမံ၊ သတ္တဝါသာမန် ပုထုဇန်တို့ ကူးရန်ခက်ခဲ

လွန်နက်နဲ့သော၊ သံသာရ၊ ဒိုဖြန် နာရ သေရ ဆင်းရဲ တည့်မမြဲသည့်၊ ပေါက်လွဲခါခါ သံသရာခရီး ပင်ထယ်ကြီးကို၊ အတိက္ကမေတု ကာမော၊ ဝိရိယတက် သန္တါရွက်ဖြင့် ဉာဏ်လက်နိုင်းချိန် သု ၁ မိန် ဖြစ် လို သော။ ပဏ္ဍိတော ပဍ္ဍုပြန်သံသရာ လမ်းနှစ်ဖြာကို ကောင်းစွာမြော်မြင် ပညာရှင်သည်။ ဒါနဉ္စ၊ နိဗ္ဗာန်ရောက်ဘွယ် ကြွေးကိုးဆယ်နှင့် နှစ်ဆယ်ဒါန ဥဿဟ မကင်း အား ထုတ် ခြင်း၌သန့်ရှင်းသော သန္တါစစ်ကိုင်း သီလဉ္စ၊ ဝိရတိသီလ အာဇီဝကိုရင်း ဘာဝနဉ္စ၊ မဂ်ဖိုလ်ချော်ရာ ဘာဝနာအနှစ် ကာယဂတာ အစစ်ကိုင်း၊ ပရိပူရေထ၊ မဆိုင်းမတွေ ဖြေ့ကျင့်ကြပါကုန်လော့ လို့ ကျမ်းဂန်ကလာသောကြောင့်။ အဓိပ္ပါယ်မှာ ဒါန သီလ ဘာဝနာကိုပြည့်ပုံအောင်၊ ဖြည့်ကျင့်မှ သံသရာကိုထွက်နိုင်တယ်လို့ဆိုမဟုတ်ပါလား ဗျာ။

စ) ဟုတ်ပ ဗျာ၊ ဟုတ်ပ ဟုတ်ပ။

တ) သို့ဟုတ်ရင်လဲဗျာ ပြုကျင့်စရာ ဖြစ်သော ဒါန သီလ ဘာဝနာသည်၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပါလျက်ကယ်နှင့် တရားနာတာက မြတ်တယ်လို့ဆို တော့၊ အဓမ္မဘျော် ဒွေးဒေါ်လွန်းဆိုတာနှင့် တူနေတယ် ကျွန်တော် ဖြင့်မကြိုက်ဘူးဗျ။ သတိပေးသွင်းဘို့သင့်သေးသဖြင့်၊ ကဝိလက္ခဏာ မမြောက်သေးဘူးပေါ့ဗျာ။

စ) (အလို) ပရိသတ် တို့လဲ့မှားပြုလျက် သ တိ ပေး ချက်

## စကားရေလု တရားစစ်ထိုးခလ်း စာစောင်

ကပိသက္ကာသာ မနဖြောက်သေးဘူးတဲ့ဗျ၊ ကိုင်း သို့ဖြစ်ရင်
လဲဆရာရဲ့အသိဉာဏ်ထွမ်းနှင့်သတိပေးစမ်းပါအုံးတော့ဗျာ။

က) သဉ္ဇ်လိုကလားဗျာ။ ၊ ပရိဝါပါဠိတော်မှာ အဓမ္မံ
ဓမ္မောတိ၊ ဒိပေတိ ဓမ္မံ အဓမ္မောတိဒိပေတိ မိစ္ဆာကုသလေ
ဇ္ဈာယတိလို့ ဂုင်းပါဠိတော်ကို ထောက်၍သိရမယ် ဗျ။

ခ) ဋိပါဠိတော်၏အနက်သွား ထင်းစမ်းပါအုံး ဗျ၊

ဂ) အဓမ္မံ တရားမဟုတ် မမှန်သောတေဘူမိက ပုညာဘိ
သင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္စာဘိသင်္ခါရ တရားများကို၊
ဓမ္မောတိ တရားဟုတ်၏ဟူ၍ဒိပေတိဟောပြောအတ်၏၊ဓမ္မံ
တရားဟုတ်မှန်သော ပါရမီမဂ်ဖလ မဟာသတိပဋ္ဌာန်မဂ္ဂင်
ရှစ်ပါးတရားများကို အဓမ္မောတိ တရားမဟုတ်ဟူ၍ ဒိပေ
တိဟောပြောအတ်၏ သော ထိုဓမ္မကို အဓမ္မဟုဟောပြော
သောသူသည် မုသာဝါဒပဋ္ဌယာ၊ မဟုတ် မမှန် ဟောပြော
သတ်သောကြောင့်၊မိစ္ဆာကုသလေ ၆၂ ပါးသောမိစ္ဆာဒိဋ္ဌိ
အမျိုး၌၊ ဇ္ဈာယတိဖြစ်၏ လို့ ကျမ်းဂန်စကား နှင့်အညီ ကပိ
လရဟန်းကြီးသည် တရားဟုတ်ထာကို မဟုတ် မဟုတ်
ထာကို၊အဟုတ်လုပ်၍ ဟောပြောမိခြင်းကြောင့်သဘောတူ
အပိ ပသာနုဒီ ရှမ တာပနာ တို့လဲအပါယ်လား၊ ကပိလ
လဲ ငါးဖြစ်သွားပါရောတဲ့ ဗျာ။

စကားရေလုတရားစစ်ထိုးခဏ်းစာစောင်။

တရားဟောဆရာကလေးလဲ ကြပ်ကြပ်သတိထားဗျ။ အဘယ့်ကြောင့်ဆိုသော် ကုန်ရှုံးသော် တခေါက်။ မယားကုန် လင်ကုန် ရှုံးသော်တသက်လုံးမှောက်သတဲ့ဗျ။ ထို့ထက် တရားနာသူများလဲ နားယောင်လို့ အယူမှားသော်၊ တသံသရာလုံး မှောက်လိမ့်မယ်တဲ့ ဗျ၊ သတိတမံ ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့ အုပ် လိုက်ကြ ပရိသတ်အပေါင်းတို့။

စ) ဒိုပရိသတ်တို့(ဆရာကလေး) အမြင်ဉာဏ်နှင့် ပြောပြန်လျှင်လဲ ပြောသင့်သပေါ့ ဗျာ။

သို့သော်သောတသအာပန္နသောတာပန္န၊သောတသာနားသို့၊ အပန္န၊ ရောက်သတည်း။ ဝါ နားကာ ပန်ဆင်လိုက်ရသဘည်း။ သောဒတာပန္န၊ သောတာပန် မည်၏၊ လို့ ဆိုသော ကျမ်းစကားများ သိသိကွင်းလို့မှ သတင်းစကား ကြားဘူးပုံ ပေါ်ဟာန် မတွေ့ဘဲကို ဗျ၊ ကိုင်း ဗျာ။ ရှေးဦးစွာ မဂ္ဂင်ရှစ်ပါးတရားနာသို့ ရောက်တာက သောတာပန်ဆို ဟုတ်ပါစ ဗျာ ။

တ) ဟုတ်သင့်သလိုကျွပြန်တော့တာပေါ့ဗျ၊

စ) သို့ဟုတ်ရင်လဲဗျာ၊ ၎င်းသောတာပန်သည်။ဒါနသီလဘာဝနာကလား။ တရားနာတာကလား ဗျာ။

## စကားရေလု တရားစစ်ထိုးခဏ်း စာစောင်

တ) ယခုလိုဖြင့် တရားနာတာကလွှဲ ကျနေပြန်တော့ တာ ပေါ့ဗျာ၊

စ) ခုထက်ထိတောင် သာကီကို ဒါသိလို့ ထင်တုံးရှိသေး သကို ဗျ။

တ) (ဩဝ်) သည့် စကားမျိုးကို မကြားစဖူးတော့ စင်း စားပြောရတာပေါ့ ဗျာ၊

စ) (ကိုင်း)မကြားဘူးရင် အမှား အမှန်ကို ခင်ဗျားဘာ တခုမျှသိမှာမဟုတ်ပေဘူး (နားထောင်လိုက်အုံးဗျ) တရား ကိုသေချာစွာ ကြားနာရမှ၊ ဤကား ကုသလဝါရ ဤကား သစ္စာဝါရ ဤကား လောကီ ဤကားလောကုတ္တရာ ကျ, နှ, စွာ သိ ရ မယ် ဟုတ်ပါစ ဗျာ၊

တ) အမိန့်ရှိပါတော့ ဗျာ၊ အမိန့်ရှိပါတော့၊

စ) (အဲ)သို့ကာကို အယူစင်ကြယ်စွာနှင့် သိရှိပါမှ၊ခင်ဗျား ပြောတဲ့ ဒါန,သီလ,ဘာဝနာကို ပြုလုပ်တတ်မှာ သို့မှ အကျိုးကြီးလို့ ကျေးဇူးများမှာပါကလား ဗျာ။

တ) အကျိုးကြီးဆိုတာက၊ ဘယ်လိုကြီးတာပါတဲ့လဲ ဗျာ

စ) သောတာပတ္တိမဂ္ဂေါအပါယ ဘဝတောဝုဋ္ဌာတိ၊ လို့ အဋ္ဌသာလိနီ အဋ္ဌကထာ စကားများ နား၍ လေသံ ကြား ဘူးပါစ ဗျ။

## စကားခရလု တရားစစ်ထိုးခဏ်း စာစောင်။

တ) အမိန့်ရှိပါတော့ဗျာ အမိန့်ရှိပါတော့။

စ) သောတာပတ္တိမဂ္ဂေါ၊သောတာပတ္တိမဂ်သည်၊အပါယ ဘဝတော၊ အပါယ်လေးဘုံမှ၊ ဝဋ္ဋာတိ၊ ထွက်မြောက်တတ် ၏၊ ဣတိ၊ ကျမ်းဂန်ကလာသကို ဗျ၊

(အဲ) အကျိုးကြီးဆိုတော်၊ မဂ် လေးပါးတို့တွင်၊ အ ထက်မဂ် နှင့်စာလျှင်ဖြင့်၊ကိလေသာ ဗလဗျစ်နှင့်အပါယ်သို့ မနစ်ရုံရှိသေးတယ် ဗျ၊

ပုထုဇဉ်နှင့် စာရင် မနိုင်းယှဉ်နိုင်ပေဘူးပေါ့ဗျာ၊

(သို့သော်) ပဋ္ဌမံဒဿန ဘာဝေန သောတာပတ္တိ အာဒိ လို့ ကျမ်းစကားကို ကြည့်ပြန်လျှင် ပထမ နိဗ္ဗာန်ကိုအာရုံ ပြုပေးတဲ့၊သောတာပတ္တိမဂ်ကို ဖျက်မှောက်ပြုနိုင်ဘို့အရေး ကြီးသကိုဗျ၊

သို့မှ သံသရာမှာ ကြာရှည်စွာ မကြည်လည်ရမယ် ဗျ

တ) အနို့(ဗျာ)အရေးကြီးတဲ့ ၃၁ ဘုံကြီးသည်အကျင့် တရားအလိုအားဖြင့်၊ အဘယ်မျှ ရှိတာသလဲ ဗျာ။

စ) (ဖြေ) ဗုဒ္ဓဘာသာလို့ဆိုရင် ၃၁ –ဘုံ၏ အကျင့်ကို သိသင့်တယ် ဗျ၊

(အဘယ့်ကြောင့် ဆိုသော်) ကိုယ့်ဘာသာ ကိုယ့် အ ကျင့်ကိုမှ ကျနနစွာ မသိကြပါက၊ ပြုလုပ်သမျှ ဒါန,သီလ ဘာဝနာ,ဟာမုချမှန်လိမ့်မတဲ့လား ဗျာ၊

## စကားမေးလု တရားစစ်ထိုးခဏ်း စာစောင်

မဌနိကျောင်မှား လူတလွှားမှာ သံသရာ ဝဋ်မြေးဖြေးမို့ အမတာ နိဗ္ဗာန်နှင့်ဝေးလိမ့်မယ် ဗျ၊

(အဲ) သို့ဖြစ်၍ ကရုဏာ ရှေ့ထားအမှန် ဆို၊ ပြောကြားရမယ်ဆိုရင်၊ ၃၁ = ဘုံကြီးသည် အကျင့် ဇလိုအားဖြင့်၊ အတ္တကိလမထ အကျင့် ကာမသုခလ္လိက အကျင့် မဇ္ဈိမ ပဋိပဒါ အကျင့်အားဖြင့်၊ သုံးပါးရှိပါတယ် ဗျ၊

တ) အတ္တကိလမထ အကျင့်၏ တရားကိုယ်သည် ဘယ် တရားရပါလဲ ဗျာ၊

စ) ပရိယတ်အလိုအားဖြင့်၊ အကုသိုလ်စိတ် ၁၂-ခု၊ အဟိတ်စိတ် ၁၈-ခု ပေါင်း အသောဘဏ စိတ် ၃၀ - နှင့် အကြွမ်းဝင်ပါတယ်။ ပဋိပတ်အလိုအားဖြင့် ဒုစရိုက် ၁၀ ပါး အဝိဇ္ဇာ ကာမဒါန ၁၀-ပါး၊ ပေါင်း ၂၀ - သော တရားရပါတဲ ဗျာ၊

တ) အဘယ့်ကြောင့် ၎င်းတရားရကို အတ္တကိလ မထ အကျင့်လို့ခေါ်ဆိုရပါသလဲ ဗျာ၊

စ) ကိုယ်၏ဆင်းရဲခြင်း၊ နှစ်မြုပ်ခြင်း ကြောက်စရာ အကျင့်ဖြစ်လေသောကြောင့်၊အတ္တကိလမထအကျင့်လို့ခေါ်ဆို ရပါတယ် ဗျာ။

တ) အတ္တကိလမထ အကျင့်ခေါ် ဒုစရိုက်နှင့် အဝိဇ္ဇာ ကာ

စကားရေလုတရားစစ်ထိုးခဏ်းစာစောင်။

မဒ္ဒါန အကြောင်းခံကြောင့်၊ ဘယ်ပုဂ္ဂိုလ် များဖြစ် ရပါ သလဲ ဗျာ။

စ) ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ပုဂ္ဂိုလ်များဖြစ်ရ တတ် ပါတယ် ဗျ၊

တ) ၎င်း ပုဂ္ဂိုလ်တို့သည် ဘုံပေါင်း အဘယ်မျှမှာ နေရပါ သလဲ ဗျာ။

စ) အပါယ်လေးဘုံ၊ မနုဿလူဘုံ၊ စတုမဟာရာဇ်ဘုံ၊ ပေါင်း ခြောက်ဘုံမှာ နေရပါတယ် ဗျ၊

( အညကိလမထ အကျင့်ခန်းပြီး၏ )

တ) အတ္တကိလမထ အကျင့်ကို ဖြေရှင်း၍ သိရှိရပါပေပြီ။ ကာမသုခလ္လိက အကျင့်၏ တရားကိုယ်သည် ဘယ်တရား ရ ပါ လဲ ဗျာ။

စ) ပရိသတ်အလိုအားဖြင့် ကာမာဝစရ ကုသိုလ်စိတ် ၈ ခု ရူပါဝစရ ကုသိုလ်စိတ် ၅-ခု၊ အရူပါဝစရ ကုသိုလ်စိတ် ၄-ခု၊ ပေါင်း ၁၇ ခု သော စိတ်တို့ နှင့် အကြွမ်း ဝင် ပါ တယ် ဗျ။

တ) (အလို) ၁၇-ခုသောစိတ်တို့ကိုပင်ကာမသုခလ္လိက အကျင့်လို့ဆိုဖြန့်တော့ သင်္ဂဟာအဋ္ဌကထာ ကျမ်းစကားများ သင်ဘူးတို့ မဆိုထားနှင့် ကြားဘူး ဘုံတောင် မတွေ့ပါ ကလား ဗျာ။

စကားရေလု တရားစစ်ထိုးခဏ်း စာစောင်၊

စ) (ခြေဒ်) မကြွားဘူးဘူးလို့ ထင်ရင် အမိန့်ရှိစမ်းပါ အုံးဗျာ။

တ) ဥာဏ သမ္ပယုတ္တ ကာမာဝစရ ကြိယာနိစေဝ ကြိယာဘိညာ ဝေါဋ္ဌပ္ပနစ္ဆေတိ၊ သမ္ပယာပိ သမ္ပာရမ္မနာနိ လို့ ပကိဏ္ဏက သင်္ဂဟ ပါဠိစကား ထောက်ထားပါအုံး တော့လား ဗျာ။

စ) ရင်းသင်္ဂဟ ပါဠိဖြေ အနက်သွား ထင်းရှင်းစမ်းပါ အုံး ဗျာ။

တ) ဥာဏသမ္ပယုတ္တ ကာမာဝစရ ကြိယာနိစေဝ ဥာဏ သမ္ပယုတ် ကာမာဝစရ ကြိယာစိတ် လေးခုတို့သည် ရင်း ကြိယာဘိညာဝ ကြိယာ အဘိညာဉ် စိတ်သည်ရင်း ဝေါဋ္ဌပ္ပနဉ္စ၊ ဝုဋ္ဌော စိတ်သည်ရင်း၊ ဣတိ ဣမာနိ ဆစိတ္တာနိ ဤ ခြောက် ခု သောစိတ်တို့သည်၊ သမ္ပထာပိ၊ ခပ်သိမ်း သော အခြင်း အရာ ဖြင့်လည်း၊ သမ္ပရမ္မဏာနိ ခပ်သိမ်း သော အာရုံရှိကုန်၏ လို့ ဥာဏသမ္ပယုတ် ကာမာဝစရ ကြိယာစိတ် ၄-ခု၊ ရူပကြိယာ ပဥ္စမဈာန် အဘိညာဉ်စိတ် ၁-ခု ဝုဋ္ဌောစိတ် ၁ ခု၊ ပေါင်းခြောက်ခုသောစိတ်တို့သည် အလုံးစုံကို အာရုံပြုတယ်လို့ ဆိုပါလျှက်ကယ်နှင့်အတ္တနော မတိ ကျွမ်းမညှိ စိတ်ရှိတိုင်း ကြဲတော့တာဘဲကို ဗျာ။

စ) (အလို) ဆရာ့ထံမှောက် သင်ကြားခဲ့ပုံ မပေါက်

ဖိုးမင်းကြီး ဖိုးနံကြား ကျွတ်သို့ထားသကို ဗျ၊ သည့်ဟာပေါ်လေ သရုပ်သွား သဘောမကွဲတော့ ပြောသမျှလွဲပေါ့ ဗျာ

က) (အသို)လွဲတယ်လို့ဘယ်လိုနည်းနှင့်ဆိုနိုင်ပါသလဲဗျာ

ခ) ၎င်းဖြောက်ရသော ဝိဇ်တို့သည်၊ အနေကန် အာရုံပြုမျိုး ဗျ၊

အနေကန် အာရုံပြုသဘောမှာ ထောင်တွင်း၌ ကျနေသောသူသည် ထောင်အပြင်ကို အာရုံပြုသကဲ့သို့ မှတ်သားရပါတယ် ဗျ၊

ဂ) သို့သားပါခုံးဗျား

ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိစေဝ ပဉ္စမဈာနံ သဒ္ဓိတံ အဘိညာ ကုသလစ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာ ရမ္မဏာနိ လို့ပကိဘ်းပိုင်း၌ တချက်ရှိတယ် မဟုတ်ပါသား ဗျ။

စ) ၎င်းပကိဏ်း၏ အနက်သွား လင်းကျွင်းစမ်းပါခုံးဗျာ။

၁) ဉာဏသမ္ပယုတ္တ ကာမာဝစရ ကု သ လာ နိ စေဝ ဉာဏသမ္ပယုတ်ကာမာဝစရ ကုသိုလ်စိတ်လေးခုတို့သည့်၎င်း၊ ပဉ္စမဈာနံ သဒ္ဓိတံ၊ ပဉ္စမဈာန် ဟုဆိုအပ်သော၊ အဘိညာကုသလဉ္စ၊ အဘိညာဉ် ကုသိုလ်စိတ်သည့်၎င်း၊ ရှုတိရှုမာနိ ပဉ္စဝိဉ္ဉာနို၊ ဤငါးခုသောစိတ်တို့သည်၊ အရဟတ္တ

မဂ္ဂဖလ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြဉ်အပ်ကုန်သော အလုံးစုံသော အာရုံရှိကုန်၏ လို့ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်စိတ်လေးခု ရှုပကုသိုလ် ပဉ္စမဈာန် အဘိညာဉ်စိတ်တခု ၎င်းငါးခုသော စိတ်တို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်အားလုံးစုံကို အာရုံပြုတယ်လို့ ဆိုမဟုတ်ပါလား ဗျ။

စ) ၎ိုး ငါးခုသောစိတ်ရလည်း အနေကန်အာရုံပြုသော စိတ်မျိုးပါဘဲ ဗျာ။

အကြောင်းကို ဆိုသော် သားသနာတော် တွင်း၌ ကြိုကြိုက်သောသူသည် လိုရာဘဝ ရစေ တတ်သောကြောင့် ဘဝပဒေသာလို့ ပြောတာမျိုးလိုပါ ဗျ။

အဘယ့် ကြောင့်ဆိုသော် လောကီစိတ် ကော သိမ်း ၈၁-ခု၊ လောဘကြဉ်သော စေတသိက် ကော ပညာသ ၅၁-ခု၊ ရုပ် အဋ္ဌဝိသ ၂၈-ခု၊ ပေါင်း (၁၆၀) သည် ဒုက္ခသစ္စာ ဗျ။

ထိုဒုက္ခသစ္စာ ဖြစ်ကြောင်းကို စွဲလမ်း တောင့်တ တတ်သော တဏှာလောဘသည် သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်း စင်စစ်ကောန် မှန်ပါစ ဗျ။

တ) (အလို)အာရုံယုတ္တိ ဘိတ်မရှိဘဲအတွင်သာ သဲတော့တာဘဲကို ဗျ။

## စကားနှီးလု တရားစစ်ထိုးခဏ်း စာစောင်၊

စ) (ဖြေဒ်) အာဂုံယုတ္တိ အလိုရှိက သည်လိုဘာတဲ့ ဗျ။

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ တဏှာ သမုဒယော ဘဝေ လို့ သမုစ္စည်းပိုင်း၌ ဤကဲ့သို့ရှိ ဟုတ်ပါစ ဗျ။

ဘ) ၎င်း သမုစ္စည်းပါဌ်၏ အနက်သွား လင်းကျွင်း စမ်းပါ အုံးဗျာ။

စ) တေဘူမကံ ဟုသုံးပါး၌ဖြစ်သော၊ ဝဋ္ဋံဝဋ်တရားသည် ဒုက္ခံ၊ ဒုက္ခသစ္စာ မည်သည်၊ ဘဝေ၊ ဖြစ်၏၊ တဏှာ၊ သော ဘာဝေတာသိတ်သည်၊ သမုဒယော၊ သမုဒယသစ္စာ မည် သည်၊ ဘဝေဖြစ်၏၊ လို့ပြောကြားခဲ့ သည့်အတိုင်း ဟုတ် ပါစ ဗျာ။

ဘ) (သို့)ဒါဖြင့်ဗျာ၊ ဘယ်မိတ်ကမှ ကေန်မိတ် ပါလဲ ဗျာ။

စ) (ဖြေဒ်)ဒါကြောင့် ကိုးပိုင်း ရှစ်စောင် အာဂုံဆောင် နှုတ်ခေါင်ပိဋ်မှာ လို့ ရှေးပညာရှိများ ဆိုကြသကို ဗျ။

ဆရာတို့လို သင်္ကြိုဟ် ဘေးပေါက်၊ ကောက်သင်း ကောက်တော့ ပါပုံမပေါ်ဘူးပေါ့ ဗျာ။

(ကိုင်း) နားထောင်လိုက်စမ်းအုံး ဗျာ၊ ဆရာကလေးရွတ် တဲ့ကဏ္ဍမွှေနားမှာ လောကုတ္တရာ ပိဋကနိ နိဗ္ဗာနာ ရမ္မဏာ နိုတိ လိုစာကိုလဲသေချာစွာ ဖြန့်လို့ကြည့် ဗျ။

## စကားရေလု တရားစစ်ထိုးခဏ်း စာစောင်

တ) ဂုင်းပါဌ်၏ အနက်သွား လင်းကျောင်းစမ်းပါအုံး ဗျား

စ) လောကုတ္တရ စိတ္တာနိ၊ လောကုတ္တရာ စိတ်တို့သည် နိဗ္ဗာနသ ရမ္မဏာနိ၊ နိဗ္ဗာန်တရေးဗျော် အာရုံရှိကုန်၏၊ ဝါ နိဗ္ဗာန်တရားကို အာရုံပြုကုန်၏၊ ဤတိ၊ ဤသို့၊ ဝေဒိတဗ္ဗာနိ သိအပ်ကုန်၏ လို့ လာရှိခြင်းကြောင့် လောကုတ္တရာ စိတ် ကသာ နိဗ္ဗာန်ကို ဧကန်အာရုံပြုပါတယ် ဗျ၊

မရုံမလင် တစိတ်တဒေသနှင့်ပြည့်ရုံပြီမှတ်က သမုဒ္ဒရာ လေးစင်း ရေကို မတွေ့ဘူးသော ဖါးသူငယ်သည် နွားခြေ ရာကွက် ကျွဲခြေရာကွက် ရေတွင်းပျက်၌ တည်သော ရေ နောက်ကလေးကို၊ သမုဒ္ဒရာ လေးစင်း ရေထင်မှတ် တတ် တဲ့ထုံးကဲ့သို့ ဖြစ်သွားတတ်ပါတယ် ဗျ၊

တ) စကားရေ သာတော့ ပြောခြင်ရာပြောတာ မဟုတ် ဘူး ထုံးလေး အိုင်လေးနဲ့ကို ဗျး

စ) နားတောင် လိုက်စမ်းအုံးဗျ၊ အပ္ပသုတော သုတံ အပ္ပံ ဗဟုံ မညတိ မာနဝါ သိန္ဓုဒကံ အပ္ပသာနော ကူပေ တောယံဝ မညျတော လို့ ဗျာ သမုန် ဆရာကြီးတို့ဟော ဟုတ်ပါစ ဗျ။

တ) ငိုးဗျာသမုန်ပါဌ်၏အနက်သွားလင်းကျောင်းစမ်းပါအုံးဗျာ

## စကားရေလု တရားစစ်ထိုးခင်း စာစောင်

စ) အပ္ပသုတော။ အကြိုအကြား မှတ်၍ထား တရားမင်သော စာမှတ်ပုကိုကြားဘူးသော၊ အပ္ပ၊ အနည်းငယ် သော မဗုံမလင်သော ကျမ်းကြို ကျမ်းကြား ကျမ်းစကားကို၊ ဗဟို၊ ဗဟုသုတကြီး တချမှတ်၍၊ မညတိ၊ အောက်မေ့တတ်၏၊ မာနပါ၊ ငါသာလျှင်တတ်၏ဟု မာန်မာနရှိတတ်ရှိ၏၊ ကိဓိ ၁၊ အဘယ်ကဲ့သို့နည်းဟူမူကား၊ သိန္ဓုဒကံ၊ သမုဒ္ဒရာလေးစင်းရေကို၊ အပ္ပသာနေ့ဘ၊ မမြင်ဘူးသော၊ မဏ္ဍုကော၊ ဖါးသူငယ်သည်၊ ကူပေ။ နွားခြေရာကွက် ကွဲ့ခြေရာကွက် ရေတွင်းပျက်၌ တောယံ၊ တည်သော ရေနောက်ကို ဗဟိုမညတိ ဣဝ၊ အများထင်သကဲ့သို့တည်း လို့ ပု ရထ် ကျမ်း စ ကား လူ တတ်ကြီး ထင်မှတ်ပုံများ ကြပ်ကြပ်စင်းစား လိုက်စမ်းပါအုံး ဗျ၊

တ) ပရိယတ်အလိုတော့ ရှိစဉ်း ဗျ၊ ပဋိပတ် အလိုအား ဖြင့်ဘာသံ တရားပုပါလဲဗျာ၊

စ) ကာမရူပ အရူပအာရုံဒါန၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သိကွာပုနဲသိလ ၄၀-သော၊ ဘာဝနာ ၄ိး တရားပုပါဘဲဗျ။

တ) ဗုဒ်းဒါနပုဘို ကာမသုခလှိုက ဒါနလို့ဆိုတော့ အဆို သိးရင့်လှပါကလား ဗျ၊

စကားရေလုတရားစစ်ထိုးခဏ်းစာစောင်။

ဂ) သီးရင့်ဆိုသည့်လိုကလေးများ၊ အါမိသဒ္ဒါနှသက်သက်ဖြင့်၊ ကျောင်းကြီး ၁၀၀၀ ဖြစ်စေ၊ စေတီကြီး ၁၀၀၀ ဖြစ်စေ တည်၍ ဆောက်လုပ် လှူ ဒါန်းငြားသော်လည်း တနေ့တရက် ယာဂုတခါသောက်မျှ သာသနာသုံးပါး မဘည်ဘူးလို့ ကျမ်းဂန်က ဆိုပါကလား ဗျ၊

တ) ကျမ်းဂန်ဆိုပုံ အမိန့်ရှိစမ်းပါခုံးဗျာ။

ဂ) အာမိသ၊ ပူဇာစ၊ နာမေသား၊ သာသနံ၊ ကောဒိ ဝသမ္ပိ၊
ကောသာဂုပါန ကာလမတ္တမ္ပိ သန္တာနေရတုံနသက္ကောတိ
မဟာပိဟာရသဒိ သဥ္စ၊ မဟာပိဟာရ သဟာသံ
မစေတိယ သဒိ သဥ္ဇ၊ မဟာစေတိယ သဟာသမ္ပိ။

သာသနံ ဝါရေတုံ နသက္ကောတိ - လို့ပရိနိဗ္ဗာနသုတ် အဋ္ဌကထာက ဖွင့်ပြသကို ဗျ။

တ) ရင်းအဋ္ဌကထာ ပါဠိဖြ။ အနက်သွား လင်းကျင်းစမ်း ပါခုံးဗျာ၊

ဂ) သောအာမိသ ပူဇာစနာမ ဤ ၂၅ ပါးသောအာမိသ ဒါန်ဖြင့်ပူဇော်ခြင်းမည်သည်ကား သာသနံသာသနာအနေတော် သုံးပါးကို ကောဒိဝသမ္ပိ အနေ့တရက်မျှငိုး ကောသာဂုပါန ကာလမတ္တမ္ပိ၊ ယာဂုတခါသောက် ကာလမျှငိုး သန္တာရေတုံ တည်စိမ့်သောဌာန သက္ကောတိ မစွမ်းနိုင် ဟိသန္တံ ထို

## စကားရေလုတရားစစ်ထိုးခတ်း စာစောင်။

စကားသည်မှန်၏ မဟာဝိဟာရ သဒိသံ မဟာဝိဟာရ နှင့်တူသောမဟာဝိဟာရသဟဿမ္ပိ ကျောင်းကြီး၁၀၀၀ ပင်ဆောက်၍ လှူသော်ငြိုး မဟာစေတီယ သဒိသံ မဟာ စေတီကြီးနှင့် တူသော မဟာစေတီယ သဟဿမ္ပိ စေတီ ကြီး ၁၀၀၀ ပင်တည်၍ လှူသော်ငြင်း သာသနံ သာသနာ တော်သုံးပါးကို ဝါရေတုံ တည်ပိမ့်သော၌ နသက္ကောတိ မစွမ်းနိုင် လို့ ကျမ်းဂန်က လာသောကြောင့် သာသနာ မ တည်ဘူးလို့ ဆိုရပါတယ် ဗျ။

ဘ) အနို့ ဗျာ။ စောတနာချက် တက်ဘို့ရာက အောက်မြည်း ညိုပန်းတပွင့်မျှဖြင့် ဘုရားဂုဏ် ကျေးဇူးကို ဆင်ခြင်၍ ပူဇော်လျှင် ဘုရားရှင်ရွှေဉာဏ်တော်ဖြင့် အကျိုးထူးတရား မပိုင်းခြားနိုင်ဘူး လို့ ချီးမွမ်းတော်မူပါလျက် ကယ်နှင့် အ ဘယ့်ကြောင့် ကြီးစွာသော အာမိသ ပူဇာကို ပယ်ပြန် ပါသလဲ ဗျ။

စ) ချီးမွမ်းပုံပယ်ပုံအမိန့်ရှိစမ်းပါအုံး ဗျာ။

ဏ) ကသ္မာပနဘဂဝါ အညတ္တကေဥမ္မာ ပုပ္ဖမတ္တမ္ပိဂဟေ တွာ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာကတာယပူဇာယ ဗုဒ္ဓဉာဏေ နာပိ အပရိစ္ဆိန္နပိပါကံဝဏ္ဏေတွာ ဣဓဇေ့မဟန္တံ ပူဇံပဋိက္ခိပ တိလို့ သုတ်မဟာဝါ အဋ္ဌကထာ စကားပါတဲ့ ဗျ။

ဎ) ယင်းအဋ္ဌကထာပါဠိ၏ အနက်သွားလောင်းကျောင်းစမ်းပါ အုံး ဗျာ။

## စကားရေလုတရေး ပစ်လိုးခဏ်း စာစောင်။

တ) ပန စေတနာချက် တဏ်းတို့ရာ စေတနာဦးအံ့ ကာသွာ အဘယ့်ကြောင့် ဘဂဝါ မြတ်စွာဘုရားသည် အညတ္ထ တပါးသောသုတ်၌ ဧကောဥပ္ပဇ္ဇ ပုပ္ဖမဏ္ဍပိ အောက်မြည်းညို ပန်းတပွင့်မျှကိုသော်လည်း ဝါ ဥပ္ပာမည်သော ပန်းတပွင့် မျှ ကိုသော်လည်း ဂဟေတွာ ကိုင်ယူ၍ ဗုဒ္ဓဂုဏော ဘုရားဂုဏ် ကျေးဇူးတို့ကို အာဝဇ္ဇေတွာ ဆင်ခြင်၍ ကတာယ ပူဇာယ ပူဇော်ခြင်းကို ပြုခြင်းဖြင့် ဝါ ပူဇော် ခြင်းကိုပြုသည်ရှိသော် ဗုဒ္ဓဉာဏေနာပိ မြတ်စွာ ဘုရား ဉာဏ်တော် ဖြင့်သော်လည်း အပရိစ္ဆိန္နံ မပိုင်းခြားနိုင် သော ဝိပါကံ အကျိုးတရားကို ဝဏ္ဏေတွာ ချီးမွမ်းတော် မူ၍ ဣဓ ဣပရိနိဗ္ဗာနသုတ်၌ ဧဝံ ဣသို့မဟုတ် ကြီးစွာ သော ပူဇံ အာမိသပူဇာကို ပဋိက္ခိပတိ ပယ်တော်မူ သ နည်း လို့ကျမ်းဂန်အတိုင်း ဟုတ်ပါစ ဗျာ၊

စ) (ဩဝ်)သည်ဟာ ကကုသလဝါရအလိုဗျ၊ သစ္စာဝါရ အလိုဆိုတော့ ဝမ္မရှေ့သွား အာမိသ ဒါနကို နောက်လိုက် ထားမှ သာသနာ ရှည်မြင့်စွာ တည်ပါတယ် ဗျ။ ကုသလ ဝါရ သက်သက်ဖြင့်၊ သာသနာမဖက် ဖျက်ရာတောင် ကျ ပါသေးတယ် ဗျ။

တ) ဘဲနဲ့ဗျာ၊ လှူဒါန်းတာတောင် သာသနာဖျက်တယ်လို့ ဆိုရာကျနေပကော ဗျ။

စကားရလု တရားစစ်ထိုးခဲ့ဟန်း ဗာဓောင်း

စ) ယခုကာလ အချို့လူများ လှူဒါန်းကြတာမျိုးလို တော့ သေသေချာချာအစစ်ပေါ့ ဗျ။

တ) စပ်ပိုနည်းလမ်း အသိန့်ရှိစမ်းပါအုံး ဗျာ။

စ) သည့်လိုဘာတဲ့ ဗျ၊ ဘုရားပွဲ ဆွမ်းတော်ကြီး ဆွမ်းတော်ငယ် ဝဂ်ဘာ ပဒေသာပို့ ကုသိုလ်လို့ လုပ်ကြသောမနုဿ, က,အက, အသိ, တလိ အည့်ခံတာကာ ဘုရိယ နစ္စ ဂိတ သံကြွာပုဒ်နှင့်လဲမတဲ့ကြ ဏုန္တြယ သံဝရသီလ နှင့်လဲမဆက်ဆန် ရနိဖြစ်ပြန်လျှင် ရုံးကိုသွား ကုန်ဘျူတာက ငွေအများမလွတ်ပြန်လျှင် စက်တိုင် တကျွန်း ထောင်တမ်း ဂါတ်ထဲ ချောင်လေမြဲမို့ ဘုရားသာသနာ အများသာသနာ ဒိန့်စ်ပြာ ရွေးချယ်စမ်းပါအုံးတော့ ဗျာ။

တ) (သို့)ဘယ်လိုမှ သာသာနာရှည်မြင့်စွာ တည်မှာသဲဗျ

စ) ဒါနဥ္စ ဓမ္မစရိယာဟူသော မင်္ဂလာတရားတော်နှင့် အညီ သိက္ခာသုံးပါးတည်းဟူသော ဓမ္မပူဇာရှေ့သွား အမိသဒါနဲ့ နောက်လိုက်ထားမှ ဆိုမဟုတ်ပါလား ဗျာ။

တ) သည့်ဟာကတော့ဗျာ၊တရားကိုကျင့်ပြီး အလှူပေးဆိုတဲ့စကားပါ ဗျာ။

စ) (အဲ)ထိုကဲ့သို့ဒါန သီလ နိက္ခမတည်းဟူသော သိက္ခာသုံးပါးရုံညီမှသာ သာသနာတည်လို့မှိဘုရားကိုဆည်းကပ်

ရာမည့်ပြီး အမြိုက်နိဗ္ဗာန်ရွှေပြည်ကြီးသို့ ဝင်ရောက်ကြရ ပါလိမ့်မယ်။ သို့မဟုတ်ရင် အများကိုဆည်းကပ်ရာ မည် ပါလိမ့်မယ်ဗျ၊

တ) အဘယ့်ကြောင့် နှုတ်ထွက်ချက် ရက်စက်လှပါသ လဲ ဗျ။

စ) နားထောင်လိုက်စမ်းအုံးဗျ။ ယောဒေါ အာနန္ဒ ဘိက္ခုဝေါ ဘိက္ခုနီဝေါ ဥပါသကောဝေါ ဥပါသိကာဝေါ၊ ဓမ္မာနု ဓမ္မပဋိ ပန္နော ဝိဟရတိ သာမိစိပ္ပဋိပန္နော အနုဓမ္မစာရီ သော တထာဂတံ သက္ကရောတိ ဂရုံ ဂရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယာလို့ သုတ်မဟာဝါ ပါဠိတော် ပရိနိဗ္ဗာန သုတ်ကသာသာသကို ဗျ၊

တ) ၎င်းပါဠိတော်၏ အနက်သွား လင်း ကျွင်းစမ်းပါအုံး ဗျ၊

စ) အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ ခေါ၊ စင်စစ်၊ ယောဘိက္ခုဝေါ အကြွင်ရဟန်း ယောကျ်ားသည်၎င်း။ ယာဘိက္ခုနီဝေါ၊ အ ကြွင်ရဟန်းမိန်းမသည်၎င်း၊ ယောဥပါသကောဝေါ။ အကြွင် ဒါယကာ ယောကျ်ားသည်၎င်း။ ယာဥပါ သိကာဝေါ အ ကြွင်ဒါယိကာမိန်းမသည်၎င်း။ ဓမ္မာနု ဓမ္မပဋိပန္နော၊ လော ကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ဖြစ်သော အနုဓမ္မစာရီ၊ သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ မဂ္ဂင်ရှစ်ပါး တရားအကျင့်ကို၊ သာမိစိပ္ပဋိပန္နော။ ရိုရိုသေသေကျင့်သည်၊

ဖြစ်၍၊ ဝိဘာရတိ၊ နေ၍၊ သော၊ ထိုရဟန်း ယောကျ်ား ရဟန်းမိန်းမ ဒါယကာယောကျ်ား ဒါယိကာမိန်းမသည်၊ တထောဂတာ၊ အများဆရာ ဘုရားငါကို၊ သက္ကရောတိ၊ အရိုအသေ ပြုသည်မည်၏၊ ဂရုံကရောတိ၊ အလေးအမြတ်ပြုသည်မည်၏၊ မာနေတိ၊ မြတ်နိုးသည်မည်၏၊ အပစိယတိ၊ ဆည်းကပ်သည်မည်၏၊ ပရမာယ ပူဇာယ၊ မြတ်သော ပူဇော်ခြင်းဖြင့်၊ ပူဇေတိ ပူဇော်သည်မည်၏၊ လို့မဟာဝါပါဠိတော်က လာသောကြောင့်၊ တရားကိုကျင့်မှ ဘုရားကို ဆည်းကပ်ရာမည်တယ်လို့ဆိုတော့၊ တရားကိုမကျင့်ကဲ့သော် အများကိုဆည်းကပ်ရာ ရောက်မရောက်စင်းစားဘို့သင့်ပါတယ် ဗျ၊

## ဒါနခဏ်း ပြီး၏။

ဘ) ဒါနမှာတော့ ရှိစေဦး ဗျ၊ ငါးပါး ရှစ်ပါး ဆယ်ပါးသော သီလရဖို့မှာ ဘုရားနှင့်တကွ တပည့်သာဝကတို့သည် လူများအပေါင်းတို့ကို ဆောက်တည်စေလျှက်ကယ်နှင့်ကာမသုခလ္လိက သီလလို့ဆိုတော့ ဘုရားရှင် ထက်ဘဲဉာဏ်ကထူးကဲလို့လား ဗျာ၊

စ) အဘယ့်ကြောင့်ထူးကဲတယ်လို့ဆိုနိုင်ပါသလဲ ဗျာ၊

၁၀၇၇၄

## စကားရေလု တရားစစ်ထိုးခဏ်း စာစောင်

တ) ဥပ္ပန္နေ ဗုဒ္ဓေ တသ္မိံ သီလေ ဗုဒ္ဓါပိ သာဝကာပိ မဟာဇနံ
သမာဒပေန္တိ တေသံ ကုသလံ ဝဍ္ဎံ ပူရေတွာ ဒေဝေသု စ
မနုဿေသု စ သမ္ပတ္တိံ အနုဘဝန္တိ လို့ ကျမ်းဂန်က
သာသကို ဗျ။

စ) ၎င်းကျမ်းဂန်၏ အနက်သွားလင်းကျင်းစမ်းပါအုံး ဗျာ။

တ) ဗုဒ္ဓေ၊ ဘုရားသည်၊ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်၊ တသ္မိံ သီလေ၊ ထိုငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ ၌၊ ဗုဒ္ဓါပိ၊ ဘုရားတို့သည်၎င်း၊ သာဝကာပိ၊ တပည့်သာဝကတို့သည်၎င်း၊ မဟာဇနံ၊ လူများအပေါင်းကို၊ သမာဒပေန္တိ၊ ဆောက်တည်စေကုန်၏၊ တေသံ၊ ထိုလူများ အပေါင်းတို့အား။ ကုသလံဝဍ္ဎံ၊ လောကီ ကုသိုလ်ဝဍ္ဎကို၊ ပူရေတွာ၊ ဖြည့်ကျင့်ဖြည့်ဖုံစေသည်ဖြစ်၍၊ ဒေဝေသု စ။ နတ်ပြည်တို့၌၎င်း၊ မနုဿေသု စ၊ လူပြည်တို့၌၎င်း၊ သမ္ပတ္တိံ၊ စီးပွားကို အနုဘဝန္တိ၊ အစဉ်ခံစားစေကုန်၏ လို့ ကျမ်းဂန်၌ လာသော ကြောင့် ဆိုခဲ့သည့်အတိုင်း ဟုတ်ပါစ ဗျာ။

စ) (အလို) မြင်းစီးလို့မှအထီးမှန်း အမမှန်း မသိဘဲကို ဗျ။

တ) အဘယ့်ကြောင့် မသိဘူးလို့ ဆိုနိုင်ပါသလဲ ဗျာ။

စ) ဒေဝေသု စ မနုဿေသု စ သမ္ပတ္တိံ သက်သေခံကတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးတော်မူလို့မှ မယူနိုင်ကြသော လူနုံ့ လူနဲ့၊ လူအ၊ လူဖျင်းများကိုသာ လူနတ်ချမ်းသာလောက်နှင့်

ထားတော်မူခဲ့ရတယ် မဟုတ်ပါလားဗျာ၊ သည်အစားထဲ က အလိုရှိရင် သဘောပေါ့ ဗျာ၊ (သို့သော်) ဘုရားရှင် သည် ဘုံသုံးပါးအလို့ငှာ ပွင့်တော်မူတာလား နိဗ္ဗာန်ချမ်း သာအလို့ငှာ ပွင့်တော်မူတာလား သေချာစွာ စဉ်းစားဘို့ သင့်ပါတယ် ဗျ။

တ) သို့ဖြစ်ရင် ဘယ်လိုသီအမျိုးမှ ပါလဲ ဗျာ၊

စ) ပဥ္စဒသသီလာနိ သီလမေဝ ပါတိမောက္ခ သံဝရသီလံ ဗုဒ္ဓုပ္ပါဒေယေဝ ပဝတ္တတီတိ အဓိသီလံနာမလို့ ဒီယနိ ကာယ် သံဂီတိသုတ်က ဖွင့်ပြတော်မူသကို ဗျ။

တ) ၎င်းသုတ်၏ အနက်သွားလင်းကျင်းစမ်းပါ အုံးဗျာ၊

စ) ပဥ္စဒသသီလာနိ ငါးပါးသီလ ဆယ်ပါးသီလတို့သည် သီလမေဝ သီလမည်သည် သာလျှင်တည်း၊ ဂါ အဓိမ ထိုက်၊ ပါတိမောက္ခသံဝရသီလံ၊ ပါတိမောက္ခသံဝရ သီလ သည်၊ ဗုဒ္ဓုပ္ပါဒေယေဝ၊ ဘုရားပွင့်တော်မူသောအခါ၌သာ လျှင်၊ ပဝတ္တတိ ဖြစ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ အဓိ သီလံနာမ၊ အဓိသီလမည်၏ လို့ဖွင့်ပြတော်မူသောကြောင့် အဓိ,ကာ၊ အလွန်သီလ,က။ အလေ့ သို့ကလို အဓိသီလဖြစ် ပါမှ ဘုံသုံးပါးကို လွန်မြောက်သော အလေ့လို့ မှတ်ရပါ တယ် ဗျ၊

စကားရေလုတရားစစ်ထိုးခဏ်းစာစောင်။

တ) (အလို)ငါးပါး ရှစ်ပါး ဆယ်ပါးသော သီလများသည် နိဗ္ဗာန်ကိုတောင့်တသဖြင့် ဆောက်တည်လျှင် အဓိသီလ မည်ကြောင်းများ မသိတာဘာဟုသုတအခေါ်နဲ့ပါးသကိုဗျ

စ) အဘယ့်ကြောင့်နဲ့ပါးတယ်လို့ဆိုနိုင်ဘာသလဲ ဗျာ။

တ) နိဗ္ဗာနံ ပစ္စယကတွာ သမာဒိန္နံ ပဉ္စသီလ ဒသသီလမ္ပိ အဓိသီလမေဝ လို့သံယုတ်အဋ္ဌကထာစကားများ တရန် တဆစ်မျှကြွားဘူးပုံမပေါ်ကြောင်း ထင်ရှားလှသကို ဗျ။

စ) ၎င်းအဋ္ဌကထာပါဌ်၏ အနက်သွား လင်းကျင်းစမ်း ပါအုံး ဗျာ။

တ) နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊ ပစ္စယကတွာ၊ တောင့်တသဖြင့်၊ သမာဒိန္နံ၊ ကောင်းစွာဆောက်တည်အပ်သော။ ပဉ္စသီလ ဒသသီလမ္ပိ၊ ငါးပါးသီလ ဆယ်ပါးသီလသည်လည်း၊ အဓိသီလမေဝ။ အဓိသီလ မည်သည်သာလျှင်တည်း လို့ ဖွင့်ပြတော်မူသောကြောင့် အဓိသီလမည်ကြောင်းများ ထင်ရှားပါစ့ ဗျာ။

အဓိသီလဆိုက ဘုံသုံးပါး၌ လွန်မြောက်ကြောင်း သိသင့်ပါတယ် ဗျာ၊

စ) အဓိဆိုတိုင်း မဟုတ်သေးဘူး ဗျ၊ မဂ်ဖိုလ်နှင့်ယှဉ်သော ကာယကံ ဝစီကံ မနောကံ ဒုစရိုက် ဒုရာဇီဝများကိုကောင်း

## စကားရေလုတရားစစ်ထိုးခက်း စာစောင်။

၉၁ စောင့်စည်းအပ်သော ပါတိမောက္ခ သံဝရ လောကုတ္တရာအဓိသီလမျိုးမှ ဗျ။

တ) အဘယ့်ကြောင့်သည့်လို ဆိုနိုင်ပါသလဲ ဗျာ။

စ) ပါတိမောက္ခ သံဝရတော့ပိစ မဂ္ဂဖလ သမ္ပယုတ္တမေဝ သီလံ အဓိသီလံ လို့ပါရာဇိကကဏ် အဋ္ဌကထာက ဖွင့်ပြတော်မူသကို ဗျ၊

တ) ၎င်းအဋ္ဌကထာ၏ အနက်သွား လင်းကျင်းစမ်းပါဒုံး ဗျာ။

စ) ပါတိမောက္ခ သံဝရတော့ပိစ၊ ပါတိမောက္ခ သံဝရ သီလသည်ထည်း၊ မဂ္ဂဖလသမ္ပယုတ္တမေဝ၊ မဂ်ဖိုလ်နှင့်ယှဉ်သော သီလသည်သာလျှင်ဖြစ်သော၊ သီလံ၊ သီလ သည် အဓိသီလံ၊ အဓိသီလမည်၏၊ လို့ဖွင့်ပြတော်မူသောကြောင့် မဂ်ဖိုလ်နှင့်ယှဉ်မှ အဓိသီလ ဖြစ်ပါတယ် ဗျ၊

တ) (အလို) သူများအဓိတော့မဟုတ် သူ့အဓိမှဟုတ်ဆိုတော့ တဖက်သတ် ကျွလွန်းလှသကို ဗျ၊

စ) ဟုတ်ရင်ယူ တူယောင်နှင့် မရိုးရဘူး ဗျ၊ မဂ်ဖိုလ် နှင့်ယှဉ်သော လောကုတ္တရာ အဓိသီလမှသာလျှင် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်ပါတယ် ဗျ၊

တ) အဘယ့်ကြောင့်ဖြစ်နိုင်ပါသလဲ ဗျာ။

## စကားပြေလုတ်ရေးစစ်ထိုးခက်း စာစောင်၊

စ) အဘိသိလမေဝ နိဗ္ဗာနာဓိ ဂမဿ ပစ္စယ ဘာဝတော လို့သုတ်ပါထေယျ ဋီကာက ဖွင့်ပြတော်မူသကို ဗျ။

တ) ၎င်း ဋီကာပါဌ်၏ အနက်သွားလင်းကျင်းစမ်းပါအုံး ဗျာ

စ) အဘိသိလမေဝ။ အဘိသိသသည့်သာလျှင်။ နိဗ္ဗာနာဓိ ဂမဿ၊ နိဗ္ဗာန်သို့ ရောက်ခြင်း၏၊ ပစ္စယဘာဝတော၊ အကြောင်းဖြစ်သောကြောင့်တည်း၊ လို့ ဖွင့်ပြတော် မူသောကြောင့် ဖြစ်နိုင်ပါတယ် ဗျ၊ (အဲ) သို့ပါ၍ ဘုရားမဖြစ်ရာ သာသနာပအခါ၌ စောင့်ရှောက်အပ်သော ငါးပါး ရှစ်ပါး ဆယ်ပါး သီလတို့သည် ဝဋ်မှထွက်မြောက်ရာ ဥပနိဿယ မဟုတ်ပါဘူး ဗျ။

တ) အဘယ့်ကြောင့် ဝဋ်မှထွက်မြောက်ရာ ဥပနိဿယမ ဟုတ်ပါသလဲ ဗျာ။

စ) တတ္ထ ပဉ္စင်္ဂ ဒသင်္ဂ သီလဿ အဗုဒ္ဓုပ္ပါဒကာလေသီလံ သန္တာယ ဝဋ္ဋံ တဿ ဝိဝဋ္ဋူပနိဿယ ယတ္ထာ ဘာဝါလို့ ဝိမတိဝိနောဒနီ ဋီကာကဖွင့်ပြသကို ဗျ။

တ) ၎င်းဋီကာပါဌ်၏ အနက်သွားလင်းကျင်းစမ်းပါအုံး ဗျာ

စ) တတ္ထ ထိုပဉ္စင်္ဂ ဒသင်္ဂ သီလံဟူသောပါဌ်၌ ပဉ္စင်္ဂဒသင်္ဂ သီလဿ ဣတိဝစနံ၊ ပဉ္စင်္ဂဒသင်္ဂသီလံဟူသော ဤစကားကို

ဆိုခြင်းသည်၊ အဗုဒ္ဓုပ္ပါဒကာလေ၊ ဘုရားမဖြစ်ရာ သာသနာပ,အခါ၌။ ရက္ခိယမာနံ၊ စောင့်ရှောက်အပ်သော။ သီလံ ငါးပါးသီလ ရှစ်ပါးသီလ။ ဆယ်ပါးသီလကို၊ သန္ဓာယ ရည်၍ ဝုတ္တံ၊ ဆိုအပ်၏၊ ကသ္မာ။ အဘယ့်ကြောင့် နည်းဟူမူကား၊ တသ္မာ၊ ထိုဘုရားမဖြစ်ရာ သာသနာပ,အခါ၌ စောင့်ရှောက်အပ်သောသီလသည် ဝိဝဋ္ဋူပနိဿယ ယဏ္ဏာဘာဝါ ဝဋ်မှထွက်ရာ ဥပနိဿယမဟုတ်သောကြောင့်တည်း လို့ ဖွင့်ပြတော်မူသောကြောင့် ဝဋ်မှထွက်မြောက်ရာ ဥပနိဿယ မဟုတ်ကြောင်း ထင်ရှားပါစ ဗျာ၊

## သီလခန်းပြီး၏။

တ) သီလမှာတော့ရှိစေဦးဗျာ။ ထားဆယ်သောကမ္မဋ္ဌာန်း တို့၌မိမိတို့နှစ်သက်ရာ တပါးပါးကို အားထုတ်တို့ အယူ ရှိကြသဖြင့်၊ ဟောပြော တိုက်တွန်းကြပါ လျှော်ကယ်နှင့် ကာမသုခလ္လိက ဘာဝနာလို့ဆိုတော့ ကြားလို့မှ မလျှောက် ပတ်လွှန်းလှပါကသား ဗျာ၊

စ) သည့်လိုဘာတဲ့ ဗျ၊ နုသတိရှစ်ပါးသညာဝဏ္ဏ နှစ်ပါး ပေါင်းဆယ်ပါးသော ဘာဝနာသည်၊ အပ္ပနာမဖြစ် ဥပစာရ ဘာဝနာသာဖြစ်၍ ကာမာဝစရ ကမ္မဋ္ဌာန်း ခေါ်ဆို ရ ကြောင်းများကို၊ အကြားအမြင် နည်းပါးလို့မို့ ပုတ်ခပ်ချက် စကားပြောမှားရှာသကို ဗျ။

စကားရေလု တရုးစစ်တိုးခဏ်း စာစောင်၊

တ) အဘယ့်ကြောင့် အကြွားအမြင် နည်းပါးတယ်လို့ ဆိုနိုင်ပါသလဲ ဗျာ။

စ) ဗုဒ္ဓနှုသတိ၊ အာဒိသု အဋ္ဌသု သညာ ဝဝတ္ထာနေသုစာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရ ဘာဝနာဝ သမ္ပဇ္ဇတိ နတ္ထိအပ္ပနာလို့သင်္ဂဟအဋ္ဌကထာ ကမ္မဋ္ဌာန နိဒ္ဒေသကဖွင့်ပြတော်မူသောစကား ထောက်ထားလိုက်စမ်းပါ အုံးတော့ထား ဗျာ။

တ) ငိုးသင်္ဂဟပါဌ်၏အနက်သွားလင်းကျင်းစမ်းပါအုံးဗျာ

စ) ဗုဒ္ဓါနုဿတိအာဒိသု၊ ဗုဒ္ဓါနုဿတိအစရှိကုန်သော အဋ္ဌသုစ၊ ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့၌၎င်း သညာဝဝတ္ထာနေသုစ အဟာရေပဋိကူလသညာ စတုဓါတုဝဝတ္ထာန်တို့၌၎င်းဣတိ ဤသို့၊ ဒသသု၊ ဆယ်ပါးကုန်သော၊ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းတို့၌၊ ဥပစာရဘာဝနာဝ၊ ဥပစာရ၊ ဘာဝနာသည်သာလျှင်၊သမ္ပဇ္ဇတိ၊ပြည့်စုံ၏၊အပ္ပနာ၊ အပ္ပနာဘာဝနာသည် နတ္ထိ၊ မရှိလို့ သင်္ဂဟအဋ္ဌကထာက ဖွင့်ပြတော်မူ သောကြောင့်ဆိုရပါတယ် ဗျ။

တ) (ကိုင်း)ဆယ်ပါးသောကမ္မဋ္ဌာန်းကိုတော့ ရှိစေဦးဗျာ၊ ကြွင်းသေးသော ကမ္မဋ္ဌာန်းရကိုဘယ်လိုများ ဝိနိစ္ဆယချလိုပါသေးသလဲ ဗျာ၊

## စကားရေလု တရားစစ်ထိုးခက်း စာစောင်

စ) ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ဗြဟ္မဝိဟာရ လေးပါး၊ ကာယဂတာ အာနာပါန ၂ ပါး၊ ပေါင်း ၂၆ ပါး သောကမ္မဋ္ဌာန်းသည်၊ ရူပါဝစရဈာန်နှင့်သာယှဉ်၍ရူပါဝစရ ဈာန်၏ အာရုံသာ ဖြစ်ပါတယ် ဗျ၊

တ) အဘယ့်ကြောင့်ဖြစ်နိုင်ပါသလဲ ဗျာ၊

စ) ဆဗ္ဗိသတိ၊ ရူပါဝါစရ ဈာနိကာနိ ကမ္မဋ္ဌာနာနိ လို့ သင်္ဂဟာအဋ္ဌကထာ ကမ္မဋ္ဌာန နိဒ္ဒေသကဖွင့်ပြတော်မူသကိုဗျ

တ) ၎င်းသင်္ဂဟပါဠိ၏ အနက်သွားသင်းကျင်းစမ်းပါအုံးဗျ၊

စ) ဆဗ္ဗိသတိ၊ ၂၆ ပါးကုန်သော၊ ကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းတို့သည် ရူပါဝါစရ ဈာနိကာနိ၊ ရူပါဝါစရ၊ ဈာန်နှင့် ယှဉ်ကုန်၏၊ ဝါ၊ ရူပါဝစရ ဈာန်၏ အာရုံဖြစ်ကုန်၏ လို့ သင်္ဂဟ အဋ္ဌကထာက ဖွင့်ပြတော်မူသောကြောင့် ဖြစ်နိုင် ပါတယ် ဗျ၊

တ) ကမ္မဋ္ဌာန်း ၃၆-ပါးသာ ကုန်ပါသေးကလား ဗျာ၊

စ) အကျန်လေးပါးသော ကမ္မဋ္ဌာန်းကတော့ အရူပါဝစရ အာရုံသာဖြစ်ပါတယ် ဗျ၊

တ) အဘယ့်ကြောင့် ဖြစ်နိုင်ပါသလဲ ဗျာ၊

## စကားရေလု တရားစစ်ထိုးခဏ်း စာစောင်

စ) စတ္တာရောပန အာရုပ္ပါ အာရုပ္ပဗျာနိကာ လို့ သင်္ဂဟအ
ဋ္ဌကထာ ကမ္မဋ္ဌာန နိဒ္ဒေသက ဖွင့်ပြတော်မူသည်ကို ဗျ၊
တ) ၎င်းသင်္ဂဟပါဠိ၏အနက်သွားလင်းကျင်းစမ်းပါခုံး ဗျာ
စ) ပန၊ ရူပါဝစရ ဈာန်၏အာရုံမှတပါးအရူပါဝစရ ဈာန်၏
အာရုံကိုဆိုဦးအံ့။ စတ္တာရော၊ လေးပါးကုန်သော အရူပ္ပါ၊ အာ
ရုပ္ပကမ္မဋ္ဌာန်းတို့သည် အာရုပ္ပဗျာနိကာ၊ အာရုပ္ပ ဈာန်၏၊
အာရုံဖြစ်ကုန်၏ လို့ သင်္ဂဟ အဋ္ဌကထာက ဖွင့်ပြတော်မူ
သောကြောင့် ဖြစ်နိုင်ပါတယ် ဗျ၊
တ) (အလို)ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းစကားများ နားမှ
လေသံမကြားဘူးရှာဘဲလျက် သင်္ဂဟာကျမ်းထွက်၏သ
ဘောနှင့် ရဲရဲပြောမှား ရှာလေသောကြောင့် နှုတ် ထွက်
ယိုင်းပြသဖြင့် ပုတ်ခပ်ချက်နစ်နာလှသည်ကို ဗျ၊
စ) (ကိုင်း) ဝုတ်ခပ်ချက် ယုတ်မာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ
မသိဘူးလို့ ထင်ရင် အမိန့်ရှိစမ်းပါခုံး ဗျာ။
တ) ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီ ကတော
သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ သကဒါ
ဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ အနာဂါမိ ဖလ
သစ္ဆိကိရိယာယ သံဝတ္တတိ၊ အရဟတ္တဖလ သစ္ဆိကိရိ
ယာယ သံဝတ္တတိ၊ ကတမော ဧကဓမ္မော ဗုဒ္ဓါနုဿတိလို့
ဖွင့်ပြတော်မူသည်ကို ဗျ၊

## စကားမရေလှ တရားစစ်ထိုးခဏ်း စာစေစောင်း

စ) ငိုးပါငှ၍ အနက်သွားယင်းကျောင်း စမ်းပါအုံး ဗျာ။

တ) ဘိက္ခဝေ၊ ရဟန်းတို့၊ ဘာဝိတော ၊ပွားစေအပ်သော၊ ဗဟုလီကတော၊ကြိမ်ဖန်များစွာရွက်ဘတ်သရ ရွှာယ်အစ် သော၊ ကောဝမ္မော။ တခုသောတရားသည်၊ သောတာပတ္တိ ဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းဌာ၊ သံဝတ္တတိ၊ ဖြစ်ပေါ်သ၍၊ သကဒါဂါမိဖလ သစ္ဆိကိရိယာယ၊ ဌာ၊ သံဝတ္တတိ၊ ၍၊ အနာဂါမိဖလ သစ္ဆိကိရိယာယ။ ဌာ၊ သံဝတ္တတိ၊ ၍၊ အရဟတ္တ ဖလ သစ္ဆိကိရိယာယ။ ဌာ၊ သံဝတ္တတိ၊ ၍ ဘိက္ခဝေ၊ ရဟန်း တို့။ ကောဝမ္မော၊ တခုသောတရားသည်၊ ကတမော၊ အ ဘယ်တရားပါနည်းဟူမူကား၊ ဗုဒ္ဓါနုဿတိ။ ဗုဒ္ဓါနုဿတိ။ ကမ္မဋ္ဌာန်းပင်တည်း လို့ ကမ္မဋ္ဌာန်းနိဒ္ဒေသ၌ ဆေးဆယ်လုံး သောကမ္မဋ္ဌာန်းတို့ကို၊ ကော ဝ မ္မော ဟု လာသောကြောင့် မှတ်ခစ်ချက် နှစ်နာတယ်လို့ဆိုရပါတယ် ဗျ၊

စ) (အလို)ငိုးကျမ်းနှစ်ကျမ်း၍ဆန့်ကျင်ပုံမှာ၊ ဆရာဘွား ထံ စာလိုက်စဉ်ကပိနိ္ဆယသေချာစွာမှတ်မိခဲ့ပါရဲ့လားဗျ

တ) (ဩဘ်)စာပလွေ့ ခင်းလို့တော့ မသင်ခဲ့ရပေဘူးပေါ့ ဗျာ၊ စာအရှိကိုသာ ပြောရသကို ဗျ၊

စ) (ဩဘ်)စာကြည့်ရုံနှင့် ကျမ်းပြုဆရာ၍ အာဘော်ကို အကုံနမိမယ်ဆိုရင် ဆရာရှာရန် လိုအုံးမှာလား ဗျ၊

စကားရေလုတရားစစ်ထိုးခဏ်းစာစောင်။

အကုန်ဆိုတော့ ဘယ်မိန့်ခင်မှာလဲ ဗျာ၊ (သို့) ဆရာကလေး ငကာ အကုန်အစင် မိဘါရဲ့ လား ဗျ။

စ) အကုန်ဆိုတော့ကျွန်တော်လဲမမိဘူးပေါ့ဗျ၊ (သို့)မမိ နှင့် အမိ မသိနှင့်အသိ။ အသိကများရင်ဘဲ လူတတ်လူလိမ္မာ လို့ခေါ်ရတာပေါ့ ဗျ၊

တ) (ကိုင်း) သို့ဖြစ်ရင်လဲ အမိန့်ရှိစမ်းပါဒုံး ဗျာ။

စ) သည့်လိုပါတဲ့ဗျာ၊ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ စသည် ဖြင့် အစဉ်အတိုင်းသာ ပွားများလေ့ရှိကြသကို ဗျ၊ ထိုဗုဒ္ဓါ နုဿတိ၊ အစရှိသော ကမ္မဋ္ဌာန်းတို့သည် အမိဋ္ဌါယ်ကျယ် ဝန်းလေးသောကြောင့် သုတ္တနုလောမ သို့ ဆိုက်ရောက် အောင်၊ လူသာမန်တို့သည် ရှုနိုင်ခဲသကို ဗျ၊ ရှုပြန်လျှင်လဲ ဩဘာသ ပီတိ ဟုဆိုအပ်သော,နိမိတ်,အရိပ်,အရောင်,ကို ပင်။ မဂ်ဘဲဟု ထင်မှတ်၍ ရပ်တန့်တတ်သကို ဗျ၊ ရပ်တန့် ပြန်လျှင် မဂ္ဂသိဒ္ဓိရာယ်အတွင်း သက်ဆင်းရုံရှိသေးသကို ဗျ။

တ) မဂ္ဂသိဒ္ဓိရာယ် လို့ ဆိုတော့ အကျိုးဘာမျှ မဖြစ်ဘူး လို့ဆိုချင်သလား ဗျ၊

စ) (ဩ) သောင်းလေးရပ်မှာ ကျောင်းဟီးလို့မို့အကျိုး အလွန်ကြီးပေါ့ ဗျာ၊ (သို့သော်) နိဗ္ဗာန်က နေကြည့်ရင် အချိုးနှိုးကို ဗျ ငါးမဂ္ဂသိဒ္ဓိရာယ်အတွင်းက လွတ်ကင်းဘာမှ မဂ်လို့ခေါ်ရပါတယ် ဗျ၊

တ) ကြွင်းသေးသောကမ္မဋ္ဌာန်း ထင်းကျင်းစမ်းပါအုံးဗျာ

စ) အကြွင်းကမ္မဋ္ဌာန်း။ ရှုနည်းသမ်းကတော့။ ဗျာနထာဘိ, အင်္ဂါ၇,ပါးနှင့်, ပြည့်စုံသောဆရာ။ ကြီး, ငယ်,ဗလိဗောဓ ၂၀။ အာဝါသ,၁၀,ပါး။ သပ္ပါယ။ ၇-ပါး။ လျှောက်ပတ်သော အင်္ဂါငါးပါး။ အကုန်ပြည့်စုံပြြားက။ ပွားများသမျှ ရှုပ,အရှုဘာဘာဘဲ ဗျ။ သို့ဖြစ်၍ ဆိုအပ်ခဲ့ပြီးသော ၂၉ ပါးသော။ စိတ်,စေတနာကံတို့နှင့်ပြုကျင့်အပ်သော ကံကဋ္ဌား ၃၀,တရားပုတ္တိသည်။ အစွန်းနှစ်ဘက်ငြိသော, သဿတ ဥစ္ဆေဒ,ဒွေအန္တ,အယုတ်တရားနှစ်ပါးဖြစ်လေသောကြောင့် မရှိဝဲအပ်ပါဘူး ဗျ။

## ဘာဝနာခဏ်းပြီး၏။

တ) အဘယ့်ကြောင့် မရှိဝဲအပ်ဘူးလို့ ဆိုနိုင်ပါသလဲဗျာ။

စ) ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာလို့ မဟာဓမ္မစက္က ပဝတ္တနသုတ် ပါဠိတော်က လာသကို ဗျ။

တ) ၎င်းပါဠိတော်၏ အနက်သွားလင်းကျင်းစမ်းပါအုံးဗျာ။

စ) ဘိက္ခဝေ၊ အချွေတော် ပဉ္စဝဂ္ဂိရဟန်းတို့။ ပဗ္ဗဇိတေန၊ ပ,ဗျေးရှိသော, ဝစ,ဓါတ်ဖြင့်။ နိက္ခမဓါတ်သို့ ဆောင်အပ်ပြီးသော ရဟန်းသည်။ ဒွေ နှစ်ပါးကုန်သော။ ဣမေအန္တာ

ဤအစွမ်းနှစ်ဖက်ထွက်သော အယုတ်တရား နှစ်ပါးတို့ကို ဝါ၊ လျှော့လျှင် မိစ္ဆာသာလျှင် ဒိဋ္ဌိ အစွမ်းနှစ်ဖက် ငြိသော (သဿတ-ဥစ္ဆေဒ) တရားနှစ်ပါးတို့ကို၊ နသေဝိတဗ္ဗာ၊ မ မှီဝဲအပ်ကုန်လို့ လာသောကြောင့် မမှီဝဲအပ်ကြောင်းကိုဆို နိုင်ပါတယ် ဗျ၊

တ) (ဩဒ) တစ္ဆန်အစသော ကျမ်းစကားနှင့် ပုတ်ခပ် ချက်ယမ်းကားလှသကို ဗျ၊

စ) အဘယ့်ကြောင့်ယမ်းကားတယ်လို့ဆိုနိုင်ပါသလဲဗျာ၊

တ) ကာမာဝစရ ကုသလစ္စိ ကာမသုဂတိ ယမေဝ ပဋိသန္ဓိံ ဇနေတိ လို့ သင်္ဂဟာအဋ္ဌကထာ ကျမ်းစကား သတိ မထား တခါတလေမျှ မကြားဘူးရှာဘဲကို ဗျ၊

စ) ၎င်းသင်္ဂဟာပါဌ်၏အနက်သွားလင်းကျင်းစမ်းပါအုံးဗျာ

တ) ကာမာဝစရကုသလစ္စိ ကာမာဝစရကုသိုလ်ကံသည် လည်း၊ ကာမသုဂတိယမေဝ၊ ကာမသုဂတိ ခုနှစ်ဘုံ၌ သာ လျှင်၊ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို၊ ဇနေတိ ဖြစ်စေ၏ လို့ လာ သောကြောင့်၊ ပဒေသရာဇ်၊ ဧကရာဇ် စကြာဝတေး မန္ဓာတ် မင်းအစရှိသော၊ ဘုန်းကံရှင် သဘာရှင် စီးစိမ်ရှင်တွေဟာ ၎င်း ကာမကုသိုလ်ကသာ ဖြစ်နိုင်ကြောင်း ဟုတ်ပါစ ဗျာ၊

## စကားရေလု တရားစစ်ထိုးခန်း စာစောင်း

စ) ဟုတ်ပေသပေါ့ ဗျာ၊ ဟုတ်ပေသပေါ့။

တ) သို့ဟုတ်ရင်လဲ ဗျာ၊ မဖြစ်အပ်ဘူး လို့ ဆိုတော့၊ ကိုယ်ပြောတဲ့စကား, ကိုယ်မှမသိတာများ, ပရိသတ်အလယ်မှာ ယိုင်းပြချက် နှစ်နာလှသကို ဗျ။

စ) (အလို) ကုသလဝါရ သစ္စာဝါရ ဆိုနှစ်ဖြာနဲ့ အနှံ့ဖြူမှုခသိရှာဘဲကို ဗျ၊

တ) အဘယ့်ကြောင့် မသိဘူးလို့ ဆိုနိုင်ပါသလဲ ဗျာ၊

စ) (ဩော်) ကုသလဝါရ အလိုဆိုတော့ အကျိုးပေးအပ်တဲ့ ကုသိုလ်ရှင်တို့ သည်။ စီးစိမ်ရှာ်တော့ ခေါ် ရပါပြီ၊ သို့သော်တမင် တဖိုလ်ကမှ မရလေသေးသောကြောင့်၊ အိုနာ, သေရေး ဒုက္ခဘေးဝည်းဟူသော သံသရာစာတ်ဘယ်တော့မှ ပြတ်ကင်းမှာလဲ ဗျ၊

တ) မကောင်းပြတ်ပေဘူးပေါ့ ဗျာ၊ မကောင်းပြတ်ပေဘူးပေါ့။

စ) (ကိုင်း)မပြတ်ကင်းကဲ့သော် သံသရာဝဲဩစာထဲတွင် ကိုယ်၏ ဖြစ်နွမ်းခြင်း ပျော်ပါးခြင်း ရှက်စရာအကျင့်ဖြစ်လေသောကြောင့် ကာမသုခလ္လိက အကျင့်လို့ ခေါ်ဆိုရပါတယ်ဗျ၊ ၎င်းကုသိုလ်မျိုးကိုပင် ထူးမြတ်တယ်လို့ ထင်မှတ်၍ပြုနေမိဘာက၊ မဂ်လမ်းဖိုလ်စလုံးလုံးကြီး ကွယ်ပပါတယ် ဗျ၊

တ) အဘယ့်ကြောင့် ကွယ်ပတယ်လို့ ဆိုနိုင်ပါသလဲဗျာ

စ) အကုသလာဘိသင်္ခါရော၊ကောအန္တော ကုသလာဘိသင်္ခါရော ကောအန္တော၊ အကုသလာဘိသင်္ခါရေန သံတိဋ္ဌန္တော သံသိဒတိနာမ၊ ကုသလာဘိသင်္ခါရေန အာရုဟန္တော နိဝုယှတိနာမ လို့ ကျမ်းဂန်စကားများ ကြားဘူးပါစ ဗျာ။

တ) ဝင်းပါဌ်၏အနက်သွား လင်းကျင်းစမ်းပါဦး ဗျာ။

စ) အကုသလာဘိသင်္ခါရော၊အပုညာဘိသင်္ခါရမည်သော အကုသိုလ်စိတ်စေတနာ ၁၂-ပါး၊ဒုစရိုက်ကိလေသာ ၁၀ ပါး၊အဝမ္ဘိကကာမဒါန ၁၀ - ပါးအပြား ၂၀ - ဟု ဆိုအပ်သော အကုသလာဘိ သင်္ခါရသည်၊ကောအန္တော၊ တဖက်သော အစွမ်းယုတ်တရားမည်၏၊ ကုသလာဘိ သင်္ခါရော၊ပုညာဘိသင်္ခါရ အနဥ္ဇာဘိသင်္ခါရမည်သော လောကီကုသိုလ်, စိတ်, စေတနာ ၁၇-ပါး၊ ပုညကြိယာ ဝတ္ထု ၁၀-ပါး အပြား ၃၀ ဟုဆိုအပ်သော ကုသလာဘိ သင်္ခါရသည် ကောအန္တော တဖက်သော အစွမ်းယုတ်တရားမည်၏ အကုသလာဘိ သင်္ခါရေန အကုသလာဘိ သင်္ခါရတရားဖြင့် သံတိဋ္ဌန္တော ရစ်တည်နေသည်ရှိသော်။ သံသိဒတိနာမ၊ အဝီစိတိုင်အောင် နစ်မြုပ်တော့သည်မည်၏၊ကုသလာဘိသင်္ခါရေန၊ ကုသလာဘိသင်္ခါရတရားဖြင့်၊အာရုဟန္တော၊အားထုတ်သည်ရှိသော်၊ နိဝုယှတိနာမ၊ သံသရာဝဲသြဃထဲသို့ အမြဲစီးဝင်တော့သည်မည်၏ လို့ လာသော

ကြောင့် သံသရာဝဲ ဩဃာထဲနှင့် အပါယ်ငရဲသို့ အမြဲစီးဝင် နစ်မြုပ်နေလသောကြောင့်ကွယ်ပတယ်လို့ဆိုရပါတယ်ဗျ။

တ) သို့ဒါဖြင့် ကာမသုခလ္လိကာ အကျင့် ခေါ် ပုညကြိယာ ဝတ္ထု ၁၀ -ပါးအပြား ၃၀ အ ကြောင်း ခံကြောင့် ဘယ် ပုဂ္ဂိုလ်များ ဖြစ်ရပါသလဲ ဗျာ။

စ) ရူပ သုဂတိအဟိတ် ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ်များဖြစ်ရ တတ်ပါတယ် ဗျ။

တ) ၎င်းပုဂ္ဂိုလ်တို့သည် ဘုံပေါင်း အဘယ်မျှမှာ နေရ သလဲ ဗျာ။

စ) ကာမသုဂတိ ၇-ဘုံ ရူပ ၁၁-ဘုံ၊ အရူပလေးဘုံပေါင်း ၂၂-ဘုံမှာနေရပါတယ် ဗျ။

## ကာမသုခလ္လိကာ အကျင့်ပြီး၏။

တ) ကာမသုခလ္လိကာ အကျင့်ကိုဖြေရှင်း၍ သိရှိရပါပေပြီ၊ မဇ္ဈိမပဋိပဒါအကျင့်၏ တရားကိုယ်သည် ဘယ်တရားရပါ လဲ ဗျာ။

စ) ဝါရမီ ၁၀-ပါး၊ မဂ္ဂင်ရှစ်ပါးတရားရပါဘဲ ဗျ။

တ) အဘယ့်ကြောင့် မဂ္ဂင်လို့ ခေါ်ဆိုရပါသလဲ ဗျာ။

စ) ကိလေသာ စင်ကြယ်၍ နိဗ္ဗာန်သို့ ဝင်စေ တတ်သော ကြောင့် မဂ္ဂင်လို့ ခေါ်ဆိုရပါတယ် ဗျ။

## စကားရေလု တရားစစ်ထိုးခက်း စာစောင်

တ) အဘယ့်ကြောင့်ကိလေသာစင်ကြယ်၍ နိဗ္ဗာန်သို့ဝင်စေတတ်တယ်လို့ဆိုနိုင်ပါသလဲ ဗျာ။

စ) ကိလေသေ မာရေနွှော နိဗ္ဗာနံ ဂန္တွာတိ ဋ္ဌေနာတိ၊ မဂ္ဂေါလို့ ဝိဂြိုဟ်ကလာသကို ဗျ၊

တ) ၎င်းဝိဂြိုဟ်၏ အနက်သွား လင်းကျွင်းစမ်းပါအုံး ဗျာ၊

စ) ဋ္ဌေန၊ ဤတရားရဖြင့်၊ ကိလေသေ၊ ကိလေသာတို့ကို မာရေန္တော၊ ပယ်သတ်လျက်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ဂန္တွာတိ၊ သွားတတ်၏ ဣတိတသ္မာ၊ ထိုကြောင့်၊ မဂ္ဂေါ၊မဂ်မည်၏လို့ လာသောကြောင့် ကိလေသာစင်ကြယ်၍၊ နိဗ္ဗာန်သို့ ဝင်စေတတ်တယ် လို့ဆိုရပါတယ် ဗျ၊

တ) ကိလေသာစင်ကြယ်ပုံနည်း နိသျှည်းကဘယ်ကဲ့သို့ကျွင့်မှဘယ်လိုစင်ကြယ်မှာလဲ ဗျာ၊

စ) သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးတစ်ဆင့်မှုပြည့်ပုံလျှင်၊ သီလက္ခန္ဓ၊ ဖြစ်လေ သောကြောင့် ဒေါသကိလေသာကို ပယ်သတ်နိုင်ပါတယ် ဗျ၊

တ) အဘယ့်ကြောင့် သမ္မာဝါစာ မဂ္ဂင်လို့ခေါ်ဆိုရပါသလဲ ဗျာ၊

စ) ဝစီဒုစရိုက်လေးပါးကို ကောင်းစွာ ရှောင်ကြည်ခြင်းကြောင့် သမ္မာဝါစာမဂ္ဂင်လို့ခေါ်ဆိုရပါတယ် ဗျ၊

## စကားပြေရလု တရားစစ်ထိုးခတ်း စာစောင်။

တ) အဘယ့်ကြောင့် သမ္မာကမ္မန္တ မဂ္ဂင်လို့ ခေါ်ဆိုရပါသလဲ ဗျာ။

စ) ကာယဒုစရိုက်သုံးပါးကို ကောင်းစွာ ရှောင်ကြဉ်ခြင်းကြောင့် သမ္မာကမ္မန္တ မဂ္ဂင်လို့ ခေါ်ဆိုရပါတယ် ဗျ။

တ) အဘယ့်ကြောင့် သမ္မာအာဇီဝ မဂ္ဂင်လို့ ခေါ်ဆိုရပါသလဲ ဗျာ။

စ) မနော ဒုစရိုက် သုံးပါးနှင့် မိစ္ဆာအာဇီဝ တရားများကို ကောင်းစွာ ရှောင်ကြဉ်ခြင်းကြောင့် သမ္မာအာဇီဝ မဂ္ဂင်လို့ ခေါ်ဆိုရပါတယ် ဗျ။

တ) (ဗြေဒ်)ပြောသံကြားနှင့် မှတ်သားပြီး ပရိသတ် ဝိုင်းကြီးထဲမှာ ရဲဝန့်စွာပြောရှာ ရှက်ဘွယ်ရာ ကောင်းလို့မို့ ပညာရှိကြောင်း ထင်ရှားလှသကို ဗျ။

စ) အဘယ့်ကြောင့် ရှက်ဘွယ်ရာကောင်းလိုမို့ ပညာရှိတယ်လို့ ဆိုနိုင်ပါသလဲ ဗျာ။

တ) (ဗြေဒ်) ကိုယ်ပြောတဲ့ စကားသွားမှာ ဒုစရိုက် ၁၀-ပါး၌ ဘယ်တရားကို အာရတိ ဘယ်တရားကို ဝိရတိလို့ မှမသိဘဲဟာကလား ဗျ။

စ) (သို့) အာရတိ ဝိရတိဆိုတာ ဘယ်လိုပါလဲ ဗျာ။

စကားပြေလုတရားစစ်ထိုးခတ်းစာစောင်။

ထ) မနောကံ သုံးပါးက အာရတိ ဗျ၊ ဝိရမိ တဗ္ဗ ဝဏ္ဏမှ ရှောင်ကြဉ်အပ်သော ကာယကံသုံးပါးနှင့် ဝစီကံလေးပါး ပေါင်း ၇-ပါးသည် ဝိရတိပါဘဲ ဗျ။

ဖ) အဘယ့်ကြောင့် သည့်ကဲ့သို့ ဆိုနိုင်ပါသလဲ ဗျာ။

က) အာရတိနာမ ပါပေ အာဒီနဝဒဿဝိနော မနသာဝ အာရတိ၊ ဝိရတိနာမ ကမ္မဒွါရဝသေန ကာယဝါစာဟိ ဝိရတိလို့ သုတ္တနိပါတ် အဋ္ဌကထာက လာသကို ဗျ၊

ဖ) ၎င်းအဋ္ဌကထာပါဠိ၏ အနက်သွား လင်းကျွင်းစမ်း ပါ အုံး ဗျာ။

ထ) ပါပေ၊ မကောင်းမှု၌၊ အာဒီနဝဒဿဝိနော၊ အပြစ်ကို မြင်လေ့ရှိသောသူ၏၊ မနသာဝ၊ စိတ်ဖြင့်သာလျှင်၊ အာရတိ၊ ဝေးစွာရှောင်ကြဉ်ခြင်းသည်၊ အာရတိနာမ၊ အာရတိမည်၏၊ ကမ္မဒွါရဝသေန၊ ကံ,ဒွါရတို့၏၊ အစွမ်းအား ဖြင့်၊ ကာယဝါစာဟိ။ ကိုယ်,နှုတ်တို့ဖြင့်၊ ဝိရတိ အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည် ဝိရတိနာမ ဝိရတိမည်၏၊လို့ လာ သောကြောင့် မနောကံသုံးပါးသည် အာရတိဖြစ်ပါလျက် သမ္ပတ္တဝိရတိ ဝိရတိလို့ အထင်ကြီးနှင့်များ ပြောကြားရတ် ခြင်းဟာ အံ့ဘွယ်ရာကောင်းလှသကို ဗျ၊

ဖ) သုတ္တနိပါတ်က အာရတိဆိုခါမှုနှင့်အံ့ဩတို့သင့်မသင့်

နှင်းချိန်သင့်ပါတယ် ဗျ။ အဘယ့်ကြောင့်ဆိုသော်။ ကာယကံသုံးပါး ဝစီကံလေးပါး ပေါင်း ၇-ပါးသည် ရုပ်အာဇိဝ ဗျ၊ မနောကံသုံးပါးက နာမ်အာဇိဝ ဖြစ်သည့် အပြင် သီလမျိုး ဖြစ်လေသောကြောင့် ဆောက်တည် ရှောင်ကြဉ် ရပါတယ် ဗျာ။

တ) (အလို) ကြားတွင်းမှု မလျှောက်ပတ်လွန်းလှ ပါကလား ဗျာ၊

စ) အဘယ့်ကြောင့် မလျှောက်ပတ်ပါသလဲ ဗျာ။

တ) ရူပါဝစရ ကုသလ်ပန မနောကမ္မမေဝ တဥ္စဘာဝနာမယံ အပ္ပနာ ပတ္တံ လို့ သင်္ဂြိုဟ် ဘုံပိုင်းစကားများ တရုံတဆစ်မှု မကြားဘူးရှာဘဲကို ဗျ။

စ) ငိုးသံဂ်ဟပါဌ်ဆို အနက်သွား လင်းကျင်းစမ်းပါဒုံးဗျာ။

တ) ပန ကာမာဝစရကံမှတပါး ရူပါဝစရ ကံကိုဆိုဦးအံ့ ရူပါဝစရ ကုသလံ။ ရူပါဝစရ ကုသိုလ်ကံသည်၊ မနောကမ္မမေဝ မနောကံသာတည်း၊ တဥ္စ၊ ထိုရူပါဝစရ ကုသိုလ်ဟု ဆိုအပ်သော မနောကံသည်လည်း။ ဘာဝနာမယံ ဘာဝနာဖြင့်ပြီး၏၊ အပ္ပနာပတ္တံ အပ္ပနာသို့ရောက်၏ လို့လာသောကြောင့် မနောကံသည် ဘာဝနာဖြင့် ပြီးတယ်လို့ဆိုပါလျှက်ကယ်နှင့် သီလဖြစ်တယ်လို့ဆိုပြန်တော့ဗျာ ရှင်အာနဲ့ ရုဋ္ဌါထက် ဆွေညာဏ်တော် ထက်မြက်ပြန်လို့လား ဗျ။

## စကားရေလုတရားစစ်ထိုးခဏ်း စာစောင်း

စ) (ဧည့်)ဒါကြောင့်စာမဘတ်လို့စာကိုသင်စာကိုမြင်မှ မိုက်မှန်းသိ အပါယ်အဝိစိ ဒုတ်ဒုတ်ထိုးတော့မှာဘာ က လား ဗျာ။

တ) အဘယ့်ကြောင့် သည့်ကဲ့သို့ဝစီနှုတ်ထွက် ရက်စက် လှပါသလဲ ဗျာ။

စ) ရက်စက်ဆို ကျွမ်းအလိုကို မသိတော့၊ သဗြိုဟ် တောင် ငြင်းဗြိုဟ်ဖြစ်ရသကို ဗျ။

